# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၃၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်**

**(၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ၂၅-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၂ ရက်၊

(၂) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်၊

(၃) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၃ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင် ခွင့် ၃ ရက်နှင့်

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟ ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားသူ ၁၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် ဝက်တိုးကျေးရွာအနီးရှိ ဝက်တိုးစိုက်ကွင်း မြေဧက ၄၀၀၀ နီးပါးကို ယခုအခါမှာ မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်နေကြောင်းနှင့် မအောင်မမြင်ဖြစ်နေပြီး အကျိုးမရှိဖြစ်နေပါက နိုင်ငံတော်အကျိုးရှိအောင်၊ ဒေသခံပြည်သူများ အကျိုးရှိအောင်၊ သိမ်းဆည်းခံလယ်သမားများအကျိုးရှိအောင် မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မအောင်မမြင်ဖြစ်နေတယ်လို့၊ အကျိုးမဲ့ဖြစ်နေတယ်လို့ ယူဆလို့ရတဲ့ နိုင်ငံပိုင်စိုက်ကွင်းနဲ့ ပတ်သက်လို့လည်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ဝက်တိုးစိုက်ခင်းဆိုတာရှိပါတယ်။ ၁၉၈၀ ခုနှစ်က လယ်ယာနှင့် သစ်တောဝန်ကြီးဌာနကနေပြီးတော့ နိုင်ငံပိုင်အဖြစ် သိမ်းယူခဲ့ပါတယ်။ စိုက်ကွင်း(၁)မှာ ၁၉၉၁ ဧကနှင့် စိုက်ကွင်း(၂) မှာ ၁၇၃၄ ဧက စုစုပေါင်း ၃၇၂၅ ဧက ရှိပါတယ်။ ခရုတော၊ ဝက်တိုး၊ အင်းသား၊ ငှက်ပျောတော၊ ကပေါင်းည စတဲ့ ကျေးရွာငါးရွာမှ လယ်မြေဧက ၁၂၀၀ ကျော် သိမ်းဆည်းခံရပြီးတော့ ကျန်တဲ့မြေများသာ မြေလွတ်မြေရိုင်းများဖြစ်တယ် ဆိုတာကို သိရှိရပါတယ်။ ကျွန်တော်ကိုယ်တိုင် ဧပြီလ ၈ ရက်နေ့က စိုက်ကွင်းမန်နေဂျာများနှင့် သွားရောက်တွေ့ဆုံမေးမြန်းတဲ့အခါမှာတော့ စိုက်ကွင်း(၁)မှာ ၆၅၀ ဧကနှင့် စိုက်ကွင်း(၂)မှာ ၆၅၀ ဧကကို နိုင်ငံတော်ပိုင် မျိုးစေ့ထုတ်ဌာနအဖြစ် အသုံးပြုတယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ ဝက်တိုး စိုက်ကွင်းကို နိုင်ငံတော်ပိုင် မျိုးစေ့ထုတ်ဌာနအဖြစ် အသုံးပြုတယ်ဆိုတာ ယခင်က မကြားခဲ့ဖူးပါဘူး။ အခုမှကြားဖူးတာပါ။ ဒီဌာနကနေလည်းပဲ မျိုးကောင်းမျိုးသန့်တွေထုတ်လုပ်ပြီးတော့ ဖြန့်ချိတယ်ဆိုတာကို ကျွန်တော်တို့ မကြားဖူးပါဘူး။ ဒါကြောင့်မို့လို့ အမည်ခံသာဖြစ်ပြီးတော့ အမှန်တကယ်အကျိုးရှိ တဲ့ထုတ်လုပ်မှု မဟုတ်ဘူးဆိုတာ ဝေဖန်သုံးသပ်လို့ရပါတယ်။ ဒေသခံတွေပြောတာလည်း ဧက အနည်းငယ် ၂၀၀၊ ၃၀၀ လောက်သာ မျိုးစေ့ထုတ်ဌာနအဖြစ် အသုံးပြုဟန်ပြပြီးတော့ ဘယ်သူတွေက ဘာတွေလုပ်နေတယ်ဆိုတာ ပွင့်လင်းမြင်သာစွာ မသိရှိရဘူးလို့ ပြောကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလယ်ယာမြေဟာ ယခင်ကတော့ မြေဩဇာအလွန်ကောင်းမွန်ပြီးတော့ လယ်သမားတို့ရဲ့ မှီခိုအားထားရာ အသက်သွေးကြောများ ဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ သိမ်းဆည်းခံရကတည်းက လယ်မဲ့ယာမဲ့ဘဝသို့ ရောက်သွားကြရပြီးတော့ စိုက်ကွင်းဧရိယာအပြင်ဘက် အပတောများမှာသာ လုပ်ကိုင်စားသောက်ကြရပါတယ်။ ၎င်းမြေတွေကလည်း ဖုန်ဆိုး၊ ကြပ်တည်းကုန်းသဲမြေများဖြစ်လို့ လိုသလောက်အကျိုးမရှိဖြစ်ပြီးတော့ ဆင်းရဲတွင်းနက်ခဲ့ကြရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရ အသစ်အနေနဲ့လည်း လယ်သမားတွေရဲ့ဘဝကို စာနာ နားလည်မယ်လို့ အကြွင်းမဲ့ယုံကြည်ပါတယ်။ ကျွန်တော့်ကို ဒါနဲ့ပတ်သက်လို့ ၂၀၁၂ ခုနှစ်ကတည်းကစပြီးတော့ တင်ပြခိုင်းပါတယ်။ ကျွန်တော် လုပ်မပေးနိုင်ခဲ့ပါဘူး။

သို့ဖြစ်ပါ၍ ဝက်တိုးစိုက်ကွင်းမြေဧက ၄၀၀၀ နီးပါးကို ယခုအခါမှာ မည်သို့မည်ပုံလုပ်ကိုင်ဆောင်ရွက်နေကြောင်းနှင့် မအောင်မမြင်ဖြစ်နေပြီး အကျိုးမရှိဖြစ်နေပါက နိုင်ငံတော်အကျိုးရှိအောင်၊ ဒေသခံပြည်သူများအကျိုးရှိအောင်၊ သိမ်းဆည်းခံလယ်သမားများအကျိုးရှိအောင် မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကို သိရှိလိုကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ⊞ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းပြောကြားဖို့ ရောက်ရှိနေတဲ့ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားရမယ်ဆိုရင်တော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း၏ တန့်ဆည်မြို့နယ် ဝက်တိုးစိုက်ကွင်းမြေဧက ၄၀၀၀ နီးပါးကို မည်သို့မည်ပုံဆောင်ရွက်နေကြောင်းနှင့် နိုင်ငံတော်အကျိုးရှိအောင် သိမ်းဆည်းခံလယ်သမားများ အကျိုးရှိအောင် မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီးတော့ ပထမဦးဆုံး လက်ရှိဆောင်ရွက်နေမှုအပိုင်းကို ဖြေကြားရမယ်ဆိုရင် ဝက်တိုးစိုက်ကွင်းဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရွာရှည်(မ)

ကျေးရွာအုပ်စု၊ ဝက်တိုးကျေးရွာအနီးမှာ တည်ရှိပါတယ်။ ၁၉၇၉-၁၉၈၀ ခုနှစ်တွင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းမှ ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီးတော့ နိုင်ငံပိုင်စိုက်ကွင်းအဖြစ် ဧရိယာ ၃၇၂၆ ဧကကို သတ်မှတ်ဖော်ထုတ် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် ဝက်တိုး(၁) ဧရိယာ ၁၉၉၁ ဧကနှင့် ဝက်တိုး(၂) ၁၇၃၅ ဧကကို ပိုင်းခြားပြီးတော့ စီမံဆောင်ရွက်ခဲ့ပါတယ်။ မြေအသုံးချနိုင်မှုမှာ ဝက်တိုး(၁) ၁၉၉၁ ဧကမှာ စိုက်ပျိုးနိုင်တဲ့ ဧရိယာ ၆၅၀ ဧက၊ ဖော်ထုတ်ခြင်းမပြုရသေးသော ဧရိယာ ၁၁၃၀ ဧကနှင့် လမ်း၊ ချောင်းမြောင်း၊ ရွာမြေ၊ ကျောက်စရစ်ကုန်းစသည့် မစိုက်ပျိုးနိုင်သော ဧရိယာ ၂၁၁ ဧက ပါဝင်ပါတယ်။ ဝက်တိုး(၂)ရဲ့ ၁၇၃၅ ဧကမှာတော့ စိုက်ပျိုးနိုင်တဲ့ ဧရိယာ ၆၅၀ ဧက၊ ဖော်ထုတ်ခြင်းမပြုရသေးသောဧရိယာ ၉၀၁ ဧကနှင့် မစိုက်ပျိုးနိုင်သော ဧရိယာ ၁၈၄ ဧကတို့ ပါဝင်ပါတယ်။ သို့ဖြစ်၍ ဝက်တိုး(၁)နှင့် ဝက်တိုး(၂) ခြံနှစ်ခုပေါင်းလျှင် စိုက်ပျိုးနိုင်သော ဧရိယာ ၁၃၀၀ ဧက၊ ဖော်ထုတ်ခြင်းမပြုရသေးသော ဧရိယာ ၂၀၃၁ ဧကနှင့် မစိုက်ပျိုးနိုင်သော ဧရိယာ ၃၉၅ ဧကရှိပါတယ်။

ဌာနမှ မြေပိုင်ဆိုင်မှုအနေနဲ့ ဝက်တိုး(၁)နှင့် ဝက်တိုး(၂) ခြံနှစ်ခုပေါင်း ၃၇၂၆ ဧကအတွက် ခြံမန်နေဂျာ ဦးသိန်းထွန်းမှ ၁၀-၅-၂၀၁၃ ရက်စွဲဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်လျှောက်ထားခဲ့ပြီး ယင်းလျှောက်ထားမှုအပေါ်မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခဲ့ပါတယ်။ စိစစ်ချက်များအပေါ်မှာ ရွှေဘိုခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့၁၅-၇-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၃) ဆုံးဖြတ်ချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ထုတ်ပေးရန် ခွင့်ပြုခဲ့ပါတယ်။ အဆိုပါ ခွင့်ပြုချက်အရ ၂၃-၉-၂၀၁၃ ရက်နေ့မှာ မှတ်ပုံတင်ကြေးပေးသွင်းခဲ့ပြီးတော့ ဝက်တိုး(၁)နှင့် (၂) ခြံနှစ်ခုပေါင်း ၃၇၂၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားပြီး ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ရည်မှန်းချက်အဖြစ် သတ်မှတ်ထားရှိပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ အထက်ဖော်ပြပါ ဝက်တိုးခြံ(၁)နှင့် (၂)ကို စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးစေ့ ဌာနခွဲလက်အောက်သို့ သွတ်သွင်းခဲ့ပြီးတော့ မျိုးသန့်ခြံအဖြစ် ဒေသနှင့်ကိုက်ညီတဲ့ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ ပဲစင်းငုံ၊ နှမ်း၊ ကုလားပဲနှင့် စပ်မျိုးနေကြာ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ထုတ်လုပ်ခဲ့ပါ တယ်။ ၂၀၁၅-၂၀၁၆

ခုနှစ်မှာ စုစုပေါင်း ဧရိယာ ၄၃၅ ဧကမှ သီးနှံမျိုးကောင်း မျိုးသန့်မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။

နိုင်ငံတော်အကျိုးရှိအောင်၊ တောင်သူများအကျိုးရှိအောင် ဆောင်ရွက်မည့် အစီအမံအနေနဲ့ ဝက်တိုး(၁)မှ စိုက်ပျိုးနိုင်သောဧရိယာ ၆၅၀ ဧက၊ ဝက်တိုး(၂)မှ စိုက်ပျိုးနိုင်သော ဧရိယာ ၆၅၀ ဧက အနက်မှ ဧက ၅၅၀ စုစုပေါင်း ဧက ၁၂၀၀ ကို မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပွားများထုတ်လုပ်နိုင်ရေးအတွက် ဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်၍လည်းကောင်း ဒေသတွင်းမှာ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးနိုင်ရေးအတွက် စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝက်တိုး(၁)နှင့် (၂) ခြံဧရိယာ စုစုပေါင်း ၃၇၂၆ ဧကသည် နဂိုမူလကတည်းက တောင်သူများထံမှ သိမ်းဆည်းထားခြင်း မဟုတ်သော်လည်း ဌာနမှ တာဝန်ယူဆောင်ရွက်နိုင်သည့် ဧက ၁၂၀၀ ကိုသာ ဆက်လက်တာဝန်ယူဆောင်ရွက်ပြီးတော့ ကျန်တဲ့ ၂၅၂၆ ဧကကို နိုင်ငံတော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အပ်နှံပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများ တရားဝင်လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြရမယ်ဆိုရင်တော့ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ မအောင်မမြင်ဖြစ်နေတဲ့ စိုက်ခင်းအပေါ် ဝေဖန်သုံးသပ်ချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်များစွာ နားလည်လက်ခံမှုရှိပါတယ်။ ဒါက ပြီးခဲ့ကာလတစ်ခု၊ စနစ်တစ်ခုရဲ့အောက်မှာ ရှင်သန်ကြီးထွားပြီးတော့လုပ်ရတဲ့လုပ်ငန်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဝေဖန်သုံးသပ်ချက်အပေါ်မှာ အလေးအနက်ထားပြီးတော့ ဆက်လက်အောင်မြင်ဖို့ စီမံဆောင်ရွက်သွားခြင်းကို ဆက်လက်စောင့်ကြည့်သုံးသပ်တင်ပြဖို့ကိုလည်း ကျွန်တော် မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ယခင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုရန်ပုံငွေဖြင့် မိုးကုတ်မြို့ရှိ အင်းကြီးအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းပြီးပြတ်မှုမရှိသေးသည်ကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်(မိုးကုတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ယခင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုရန်ပုံငွေဖြင့် မိုးကုတ်မြို့ရှိအင်းကြီးအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ပြီးပြတ်မှုမရှိသေးသည်ကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းမေးမြန်းရခြင်းအကြောင်းရင်းကတော့ ယခင်သမ္မတဟောင်း ဦးသိန်းစိန်၏ ပတ်ဝန်းကျင်ဖွံ့ဖြိုးမှုထိန်းသိမ်းရေးဖွံ့ဖြိုးမှုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၉၂၀ ကို မိုးကုတ်မြို့လယ်ရှိအင်းကြီးပြုပြင်တည်ဆောက်ရန်လုပ်ငန်းအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ လုပ်ငန်းများစတင်ခဲ့ပြီး ဇူလိုင်လမှာ မိုးများတဲ့အတွက် ခေတ္တရပ်နားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလမှာ လုပ်ငန်းများပြန်လည်လုပ်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မတ်လမှာ လုပ်ငန်းအပြီးဆောင်ရွက်ဖို့ ညွှန်ကြားခဲ့ကြောင်း သိရှိရပြီးမှ ဒီလုပ်ငန်းကို ရှစ်လနှင့် တည်ဆောက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အခုအခါမှာ လုပ်ငန်းများရပ်နားသွားပြီး အင်းပြုပြင်ရေးလုပ်ငန်းတွေ မပြီးဆုံးဘဲ တစ်ပိုင်းတစ်စဖြစ်တာကို တွေ့ရှိရပါတယ်။ အင်းကန်ပေါင်ပတ်လည်အချို့နေရာမှာ ကျောက်စည်များကို အင်္ဂတေပိတ်ရန် ကျန်ရှိခြင်း၊ မီးတိုင်များတပ်ဆင်ရန်ကျန်ရှိခြင်း၊ ကန်ပတ်လမ်းပေါ်မှာ ခဲကြမ်းများသာ ခင်းထားတဲ့အတွက် သွားလာရခက်ခဲခြင်း၊ အင်းအနောက်ဘက်ခြမ်းတစ်လျှောက် ရေဆိုးနှင့်မိုးရေများထုတ်ပစ်ရန် ရေဆိုးထုတ်မြောင်းမရှိသေးခြင်း၊ မြို့ပေါ်မှရေဆိုးများနှင့်မိုးရေများစီးဆင်းကျလာရာ မြောင်းတည့်တည့်အင်းကန်ပေါင်အား အောက်ခြေကွန်ကရစ်မပေးဘဲ သစ်သားငုတ်ရိုက်ကာ ဝါးကတ်များဖြင့်သာ ကာထားခြင်းစတဲ့လုပ်ဆောင်ထားမှုများကို တွေ့ရှိရပါတယ်။ ဒ့ါအပြင် အင်းကန်ပေါင်ပြုလုပ်ရန်အတွက် အင်းထဲကို မြေဖို့ကားများဖြင့် မြို့တွင်းကတ္တရာလမ်းတွေကို အသုံးပြုပြီးမှ မြေဖို့တဲ့အတွက် ကျွန်တော်တို့မြို့တွင်းကတ္တရာလမ်းများ ပျက်စီးခဲ့ပါတယ်။ အဲဒီပျက်စီးတာကို ဒီဆည်မြောင်းဌာနက ပြီးရင်တာဝန်ယူပြီးမှ ပြုပြင်ပေးမယ်လို့ ပြောခဲ့ပေမယ့်လည်း ယနေ့အထိပြုပြင်မပေးတာကို တွေ့ရှိရပါတယ်။ မိုးကုတ်မြို့ဟာ မိုးရေချိန်လက်မ ၁၀၀ ကျော်ရွာတဲ့အတွက် မြို့ပေါ်ရပ်ကွက်တွေမှ အင်းအတွင်းကို စီးဝင်တဲ့ ရေဆိုးထုတ်မြောင်းဟာ ကျွန်တော်တို့ရဲ့အင်းကန်ပေါင်ကို ရေစီးအားနှင့်တိုက်မိလျှင် အင်း

ကန်ပေါင်ပျက်စီးနိုင်ပါတယ်။ အနိမ့်ပိုင်းအိမ်တွေဟာ ရေဝင်နစ်မြုပ်မှုများရှိလာနိုင်ပါတယ်။ လုပ်ငန်းမပြီးပြတ်သေးလို့ ဆက်လက်ပြီးမှ ထိန်းသိမ်းစောင့်ရှောက်ရန် အခြားဌာနတစ်ခုကို လွှဲပြောင်းပေးနိုင်ခြင်းမရှိသေးတာကြောင့်လည်း အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ တစ်နေ့တခြားများပြားလာခြင်းစသည့်ဆိုးကျိုးများကိုခံစားနေရပါတယ်။ မိုးမကျမီမှာ ကြိုတင်ကာကွယ်မှုများဆောင်ရွက်ထားရန် လိုအပ်ပါတယ်။ အင်းပြုပြင်ခြင်းလုပ်ငန်းကို ယခင်သမ္မတဟောင်းဦးသိန်းစိန်ရဲ့ ဖွံ့ဖြိုးမှုသီးသန့်ရန်ပုံငွေကသုံးစွဲခဲ့သော်လည်း အခုအခါ မှာမည်သည့်ခေါင်းစဉ်၊ မည်သည့်ဌာနဖြင့် ထုတ်ယူသုံးစွဲမည်ကိုလည်းမြို့လူထုမှသိလိုပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာယခင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးမှုရန်ပုံငွေဖြင့် မိုးကုတ်မြို့နယ်ရှိအင်းကြီးအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းပြီးပြတ်မှုမရှိသေးသည်ကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့လယ်တွင်တည်ရှိသော မိုးကုတ်အင်းမှာ ၁၉၂၅ ခုနှစ်ခန့်ကတည်းက စတင်ဖြစ်ပေါ်တည်ရှိခဲ့ပြီး နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ သဲနုန်းများပို့ချ၍တိမ်ကောလာပြီး ရေလှောင်နိုင်မှုပမာဏ လျော့ကျလျက်ရှိပါသည်။ ထို့အပြင် မိုးသည်းထန်စွာရွာသွန်းပါက အင်းအနီးရှိ ရေနီမြောင်း ရေကြီးလျှံမှုဖြစ်ပေါ်ပြီး မိုးကုတ်အင်းအတွင်းသို့ သဲနုန်းများစီးဝင်မှုကြောင့်လည်း ပိုမိုတိမ်ကောစေလျက် မိုးကုတ်အင်း သဲနုန်းတူးဖော်ခြင်းနှင့် လိုအပ်သည့်ဆက်စပ်လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှသီးသန့်ရန်ပုံငွေ ကျပ်သန်း ၁၉၁၀ တင်ပြတောင်းခံ၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ မိုးကုတ်အင်းပြန်လည်ပြုပြင်ခြင်းနှင့် ပတ်သက်ပြီးတော့

မူလရေလှောင်ကန် ရေသိုလှောင်နိုင်သောပမာဏ ၂၀၃ ဧကပေခန့်မှ ၆၀၀ ဧကပေခန့်အထိ ပိုမိုသိုလှောင်နိုင်သည့်အတွက် မြို့နေလူထုအတွက် သုံးစွဲရေပေးဝေနိုင်ခြင်းအပြင် ဒေသတွင်း စိန်းလန်းစိုပြည်ပြီး မြို့ကျက်သရေဆောင်အဖြစ်လည်း အကျိုးပြုနေပြီဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းတွင်ပါဝင်သည့် မိုးကုတ်အင်းပြုပြင်ခြင်းလုပ်ငန်းမပြီးဆုံးဘဲ တစ်ပိုင်းတစ်စဖြစ်ကာ ကျန်ရှိနေပါသည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားလိုပါသည်။ မိုးကုတ်အင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခန့်မှန်းခြေစာရင်းရေးဆွဲခဲ့ရာတွင် ကန်အတွင်းသဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်မြေဖို့ခြင်း၊ ကန်ပေါင်အတွင်း ရေလှိုင်းကာကျောက်ရိုးစီခြင်း၊ ကန်ပေါင်ထိပ်ပြင်ခဲစာခင်းခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေဝင်အဆောက်အအုံ တည်ဆောက်ခြင်း၊ ကန်ပေါင်ထိပ်ပြင်အလျောနှင့် အောက်ခြေတို့တွင် ရေဆင်းမြောင်းများပြုလုပ်ခြင်း၊ ကန်ပေါင်ပေါ်သို့တက်ရန် လှေကားများပြုလုပ်ခြင်းစသည့်လုပ်ငန်းများပါဝင်ပြီး အဆိုပါဆောင်ရွက်ရမည့် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ရေဆိုးထုတ်မြောင်းမရှိသဖြင့် အနိမ့်ပိုင်း၏အိမ်များ ရေနစ်မြုပ်ပျက်စီးမှုများရှိလာနိုင်သည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ မိုးကုတ်အင်းဧရိယာနှင့်ဆက်စပ်ပြီး ဆောင်ရွက်ရမည့် ရေဆိုးထုတ်မြောင်း အလျား ၂၆၅၀ ပေ၊ ထိပ်ဝအကျယ် ၁၂ ပေ တူးဖော်ခြင်းလုပ်ငန်းအား ခန့်မှန်းခြေစာရင်းတွင် ပါဝင်ခြင်းမရှိသော်လည်း လုပ်ငန်းလိုအပ်ချက်အရ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့် မိုးကုတ်အင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား အထူးကိစ္စတစ်ရပ်ဖြင့် ဝင်ရောက်တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ပြီး ရေပိုလွှဲအထွက်မြောင်းနှင့် ဆက်စပ်လျက်ရှိသော ရေဆိုးထုတ်မြောင်း အလျား ၁၀၀၀ ပေခန့်မှာ မိုးကုတ်မြို့နယ်၏ စည်ပင်သာယာရေးဦးစီးဌာနမှ ထိန်းသိမ်းထားသည့် ရေဆိုးထုတ်မြောင်းဖြစ်ကာ လူနေအိမ်များ၊ စားသောက်ဆိုင်များ၏ နောက်ကျောဘက်တွင်ကပ်လျက်စီးဆင်းနေ၍ ကျဉ်းမြောင်းလွန်းခြင်း၊ စွန့်ပစ်အမှိုက်များဖြင့် ပိတ်ဆို့နေခြင်းကြောင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ၏ စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ခွင့်ပြုရန်ပုံငွေအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းအားလုံးကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ မိုးကုတ်အင်းမှာ မူလကတည်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထိန်းသိမ်းထားခြင်းဖြစ်သည့်အတွက် ကိုယ်စားလှယ်ကြီးတင်ပြတဲ့

ကန်ပေါင်ပေါ်တွင် လမ်းမီးတိုင်စိုက်ထူခြင်း၊ သံဇကာ ကာရံခြင်း၊ ရေပိုလွှဲအထွက်မြောင်းနှင့် ဆက်စပ်လျက်ရှိသော ရေဆိုးထုတ်မြောင်းတူးဖော်ခြင်းနှင့် မိုးကုတ်အင်း၏ ရေရှည်ထိန်းသိမ်းပြုပြင်ခြင်း စသည့်လုပ်ငန်းများမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှပင် ဆက်လက်စီမံဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။ ဖြည့်စွက်ပြီးတော့ တင်ပြရမယ်ဆိုလို့ ရှိရင်တော့ မေလ ၁၄ ရက်နေ့မှာ ဒီကန်နှင့်ပတ်သက်ပြီးတော့ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစီးတဲ့ အဖွဲ့များဟာ သွားရောက်ပြီးတော့ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော်ပြီးခဲ့တဲ့ဧပြီလကရောက်တဲ့အခါမှာ ဒီကန်ကြီးရဲ့ သာယာလှပမှုကို မြင်ခဲ့ရပါတယ်။ ဒီဘေးကရေဆိုးမြောင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်လည်းအသေးစိတ်မသိခဲ့ဘူး။ ဒါပေမယ့် အခုတင်ပြချက်အရ ဒါအားလုံးဟာ စည်ပင်သာယာရေးရဲ့လုပ်ငန်းများဖြစ်တဲ့အတွက် သူတို့ကပဲ ဆက်လက်ဆောက်ရွက်ရမယ့်လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**သာစည်မြို့နယ်အတွင်းရှိ သာစည်-ညောင်ရမ်းဆက်သွယ်ထားသော ကျောက်ချောလမ်းမကြီးအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျေးလက်ဒေသနှင့်ပတ်သက်၍ ကျွန်တော်မေးခွန်း တစ်ခုမေးလိုပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်၏ တောင်ဘက် ညောင်ရမ်းတိုက်နယ်တွင် ကျေးရွာပေါင်း ၇၁ ရွာရှိပြီး အဆိုပါကျေးရွာမှ ကျေးလက်နေပြည်သူများဟာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများတွင် သာစည်-ညောင်ရမ်းဆက်သွယ်ထားသော ကျောက်ချောလမ်းအားအဓိကထား၍ အသုံးပြုသွားလာရပါတယ်။ ဒါပေမဲ့ သာစည်-ညောင်ရမ်း လမ်းမကြီးဟာ၂၀၁၂ ခုနှစ်မှာကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ပြုပြင်လုပ်ခဲ့သော်လည်း နှစ်ကာလကြာမြင့်ခြင်း၊ ရာသီဥတုဒဏ်ကြောင့် မိုးရေတိုက်စားခြင်း၊ နေ့ညမရွေး ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်များ အမြောက်အမြားသွားလာခြင်းတို့ကြောင့် ပျက်စီးလျက်ရှိပါတယ်။ အဆိုပါ သာစည်-ညောင်ရမ်း ကျောက်ချောလမ်းမကြီးအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်မှသာ ရေရှည်ခိုင်ခံ့

မှာဖြစ်တဲ့အတွက် ညောင်ရမ်းတိုက်နယ်အတွင်းရှိကျေးရွာများအတွက် ယခင်ကထက်အဆင်ပြေစွာ သွားလာနိုင်မှာဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများလည်း ယခင်ကထက်ပိုမိုဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ သာစည်-ညောင်ရမ်း ဆက်သွယ်ထားသော ကျောက်ချောလမ်းမကြီးအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ်ပေး နိုင်ခြင်းရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကြီး ဦးသန်းစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ သာစည်-ညောင်ရမ်းလမ်းမှာ အရှည် ၈ မိုင်ရှိတဲ့ ကျောက် ချောလမ်းဖြစ်ပြီး ကျေးရွာ ၂၈ ရွာ၊ အိမ်ခြေ ၂၃၁၆၊ လူဦးရေ ၁၁၄၃၃ ဦးတို့အား အကျိုးပြုပါသည်။ အဆိုပါလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခြင်းနှင့် Box Culvert ငါးစင်း ဆောင် ရွက်ပါက စုစုပေါင်းကုန်ကျစရိတ်ငွေ ၅၂၉.၅၄ သန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘတ်ဂျက်လျာထားဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများ အတွင်းရှိ လူဦးရေအချိုးအစားများအရ လျာထားသည့်အပြင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအားလုံးကိုပါ ပါဝင်လျာထားပါသည်။ ထို့အပြင် ကျေးရွာများ၏ လိုအပ်ချက်များအား မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်တွင်လည်း ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်လျာထားပေးပါတယ်။

မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ရန်ပုံငွေခွင့်ပြု ချက် ရန်ပုံငွေသန်းဖြင့် ကတ္တရာလမ်း ၇ မိုင်၊ ကျောက်ချောလမ်း ၈၀ မိုင် ၄ ဖာလုံ၊ မြေနီလမ်း ၄၃ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၆၄ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်းတံတား ၇၆၂ ပေ၊ သစ်သားလမ်းတံတား ၁၂၅၈ ပေ၊ ရေပြွန် ၅၇၅ ပေနှင့် ရေကျော် ၄၃၃၅ ပေတို့အား လျာထားဆောင်ရွက်လျက်ရှိပါတယ်။ သာစည်မြို့နယ်နှင့်ပတ်သက်ပြီးတော့လည်း ရန်ပုံငွေ ၅၅၁.၅၁၃ သန်းဖြင့် ကျောက်ချောလမ်း ၄ မိုင်၊

မြေနီလမ်း ၁ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၆ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်တံတား ၁၀ ပေ၊ သစ်သားတံတား ၉၆ ပေ၊ ရေကျော် ၂၂၀ ပေနှင့်ရေပြွန် ၃၀ ပေတို့အား လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို၂၀၁၃ ခုနှစ်မှစတင်ပြီးတော့ အတိုင်းအတာ ပမာဏ များစွာဆောင်ရွက်ခဲ့သော်လည်း ကျေးလက်ဒေသများ၌ လိုအပ်ချက်များစွာရှိနေပါသေးတယ်။ ပြည်နယ်/မြို့နယ်များမှ အဆင့်ဆင့်တင်ပြလာသောလုပ်ငန်းများကို ဦးစားပေးရွေးချယ်ရာမှာ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ဒေသကိုယ်စားလှယ်များ၊ အထောက်အကူပြုကော်မတီများ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်အမြင်များမှာ မတူကွဲပြားနိုင်ပြီး အမှန်တကယ်လိုအပ်ချက်များလည်း ဖြစ်နိုင်ပါတယ်။ ထို့အပြင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာမှာ သက်ဆိုင်သူ အဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးရန် ခက်ခဲမည်ဖြစ်သကဲ့သို့ ဦးစားပေးသတ်မှတ်ရန်လည်း ခက်ခဲနိုင်ပါတယ်။ မိမိတို့ အစိုးရလက်ထက်၌ အဆိုပါအခက်အခဲများအား နည်းနိုင်သမျှနည်းအောင် စီမံကိန်းများ ရေးဆွဲ၍ သက်ဆိုင်သူအဖွဲ့အစည်းများ အားလုံးပါဝင်ဆွေးနွေးရွေးချယ်နိုင်ရေးကို တတ်နိုင်သမျှ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဘောင်အတွင်းမှာလည်း ဦးစားပေးလုပ်ငန်းများကို လျာထားဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် လျာထားတင်ပြတဲ့ လုပ်ငန်းများအား တစ်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း နှစ်အလိုက် ဦးစားပေး အတိုင်း လျာထားဆောင်ရွက်ပေးသွားနိုင်မည်လို့ ယုံကြည်ယူဆပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ သာစည်မြို့နယ်၊ သာစည်-ညောင်ရမ်းလမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအောက်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပါဝင်ခြင်းမရှိပါကြောင်းနှင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းကိုလည်း ဖြေကြားပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဖြည့်စွက်ပြောရမယ်ဆိုရင် ကျွန်တော်တို့ဆီမှာလာပြီးတော့ အခြား NGO တွေ၊ Donor တွေက Ofter လုပ်ထားတာစာချုပ်လည်းရှိပါတယ်။ အဲဒါတွေကိုလည်း ကျွန်တော်တို့က စိစစ်ပြီးတော့ အရေးကြီးရင် ကြီးတဲ့နေရာကို ဒီလိုမျိုး Donor နိုင်ငံကနေ တိုက်ရိုက်ပေးတဲ့ အကူအညီကို စဉ်းစားတဲ့နေရာမှာ ဒီတင်ပြထားတဲ့ သာစည်-ညောင်ရမ်းလမ်းကိုလည်း ထည့်သွင်းစဉ်းစားသွားမယ်ဆိုတဲ့အကြောင်းကိုလည်း ဖြည့်စွက်ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာ နိုင်ပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ၁၈-၅-၂၀၁၆ ရက်နေ့မှာ လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၅-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် ပြည်သူ့ကောင်စီဥပဒေ ကိုရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်သူ့ ကောင်စီဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော နိုင်ငံတော်ကောင်စီဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ၁၈-၅-၂၀၁၆ ရက်နေ့မှာ လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအချင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသား ဖော်ပြ၍ ၂၃-၅-၂၀၁၆ ရက်နေ့မှာ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ကဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို ၁၀း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**